စစ်ကိုင်းတိုင်းဒေသကြီး ၊နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်၊ နောင်ကုလုကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၂၀-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ကုလုကျေးရွာ၊ နန်းယွန်းမြို့နယ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ရက်

မာတိကာ စာမျက်နှာ

မာတိကာ ၁-၄

စကားချီး ၅

ကျေးရွာသယံဇာတပြဓြေပုံ ၆

ရာသီခွင်ပြ၊ ပြက္ခဒိန် ၇

ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၈

၁။ နိဒါန်း ၉

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ)သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၉

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု ၁၀

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု လမ်း၊ တံတား၊ ၁၂

လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၂
အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၂
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၁၃

၇။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၄
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၁၅

၈။ ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအမံများ ၁၆
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ စာရင်း
(ခ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၁၇ - ၁၈

အပိုင်း (ခ)

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၀
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား ၂၀-၂၂
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၂၃
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂၃-၂၄
ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ၂၄
ဇယား(၆) ဥစ္စာဓနအခြေအနေ ၂၄
ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နှပ်စားနိုင်သည့်အိမ်ထောင်စုများ ၂၄-၂၅
ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၂၅
ဇယား(၉) ကျေးရွာထိခိုက် သက်ရောက်လွယ်မှု အခြေအနေ ၂၅-၂၆
ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၂၆

(၂) ကျေးရွာ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၂၇-၂၈

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၂၈-၂၉

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၂၉

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၂၉-၃၀

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း ၃၀

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု ၃၁

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၃၁

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ ၃၂

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ ၃၂-၃၃

ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၃၃-၃၄

ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၃၄-၃၅

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ ၃၅

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၃၆

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ ၃၆-၃၇

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း ၃၇

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၃၈

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ ၃၈

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၃၉

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၄၀

ဇယား(၃၀) မူလတန်း၊အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း ၄၀-၄၁

ဇယား(၃၁) ကျောင်းတက်နှုန်း ၄၁

ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ ၄၁-၄၂

ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ ၄၂

ဇယား(၃၄) အဖြစ်များသော ရောဂါများ ၄၃

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု ၄၃

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ ၄၄
ဇယား(၃၇) သောက်သုံးရေ ရရှိနိုင်မှု ၄၄
ဇယား(၃၈) အိမ်သာအမျိုးအစား ၄၅
ဇယား(၃၉) ကျား-မရေးရာ ၄၅
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၄၅-၄၆
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ ၄၆
ဇယား(၄၂) ရေကြောင်းသွယ်ယူပို့ဆောင်ရေး ၄၆-၄၇
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ ၄၇
ဇယား(၄၄) လျှပ်စီးမီး ရရှိမှု အခြေအနေ ၄၇
ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ ၄၈
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၄၈
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၄၈
ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ ၄၉

စကားချီး

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်တို့ကျေးရွာ၏ပထမဆုံးသော ကျေးရွာသူ၊ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ယခုစီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ယခင်အချိန်က လူထုကိုယ်တိုင် ပါဝင်ရေးဆွဲရသော စီမံကိန်းများအား ဆောင်ရွက်ခဲ့ဖူးခြင်းမရှိသော်လည်း ယခုအခါတွင်ကိုယ်ရပ်ကိုယ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရမည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စတင်သိရှိနိုင်ပြီဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစတင်ရေးဆွဲရာ၌ မိမိတို့ကျေးရွာ၏သယံဇာတများ၊ ရာသီအလိုက်အခြေအနေများကို သိရှိရုံသာမက မိမိတို့ကျေးရွာ၏လိုအပ်ချက်များ ပြုပြင်ပြောင်းလဲရမည့်အခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ကျေးရွာသူ/သားများအားလုံးတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြပြီး စီမံချက်တစ်ခုအား ရေးဆွဲနိုင်ပြီဖြစ်သည်။

၃။ ယခုရေးဆွဲထားသော စီမံချက်သည် (၅)နှစ်တာကာလအတွင်း မိမိတို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရသည့်စီမံချက်ဖြစ်သည့်အတွက် ကျေးရွာနေပြည်သူလူထုများအားအကျိုး စီးပွားဖြစ်ထွန်းစေမည့် ကောင်းမွန်သော စီမံကိန်းတစ်ခုဖြစ်ပါသည်။

၄။ ချမှတ်ထားသောစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များအသေးစိတ်သိရှိနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဆက်လက်လမ်းညွှန်ပံ့ပိုးမှုများအား ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းရှိပြီး အပိုင်း(က)ဖွံ့ဖြိုးရေးဗျူဟာနှင့် အကောင်အထည်ဖော်မည့်ဦးစားပေးအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) စီမံကိန်းဆိုင်ရာ အချက်အလက်ဇယားများပါဝင်ပါသည်။

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ( ) ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ကုလုကျေးရွာ၊နန်းယွန်းမြို့နယ်



৭

နောင်ကုလုကျေးရွာ ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

စဉ်	အကြောင်းအရာ	သတ်မှတ်စံနှုန်းများ			
		အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
၁	စိုက်ပျိုးမြေ ပိုင်ဆိုင်မှု	၅ ဧကအထက်	၄ ဧက မှ ၃ ဧကထိ	၂ ဧက	၁ ဧက
၂	အိမ်အခြေအနေ	သက်ကယ်မိုး၊ ကပ်ကာ ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး၊ ကပ်ကာ ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး၊ ကပ်ကာ ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး၊ ကပ်ကာ ၊ ဝါးကြမ်းခင်း
၃	အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး ၊ ကျပန်းလုပ်ငန်း	ကျပန်းလုပ်ငန်း
၄	ပိုင်ဆိုင်မှု	ကျွဲ ၊ နွား ၊ ဆိုင်ကယ် ၊ ဖုန်း	ဆိုင်ကယ်၊ဖုန်း	-	-
အိမ်ထောင်စု		၁၁	၁၄	၁၉	၂၀

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြင်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်အသစ်ဖြစ်ကြောင်း သိရှိရပါသည်။

မိမိတို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ပါသည်။ စီမံချက်ပါဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိန်းဂဏန်းအချက်အလက်များပြုစုရန် အရေးကြီးကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများ ရရှိရန်လိုအပ်ကြောင်း သိရှိခဲ့ပါသည်။

မိမိတို့၏ စီမံချက်များအား (၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ချက်များအား ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်း စသည်တို့၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် စီမံချက်အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

၂။ ကျေးရွာ၏တည်နေရာ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု မြေမျက်နှာသွင်ပြင် အနေအထား

နောင်ကုလုကျေးရွာသည် နန်းယွန်းမြို့အတွင်း တည်ရှိပြီး မြို့နှင့်ကျေးရွာ မိုင်(၃၀)ကျော် ကွာဝေးပါသည် ။ ၎င်းကျေးရွာသို့ နန်းယွန်းမြို့ဟောင်းမှ ရေလမ်းခရီးဖြင့် သွားလာ၍ ရသည့်အပြင် ပန်ဆောင်မြို့နယ် နမ္မလစ်ကျေးရွာမှလည်း ဆိုင်ကယ်ဖြင့် သွားလာလို့ ရပါသည် ။ စက်လှေစီးနင်းရသည့် ခန့်မှန်းကြာမြင့်ချိန်မှာ (၈)နာရီ ဖြစ်ပြီး ဆိုင်ကယ်ဖြင့် သွားလာပါက (၆)နာ ရီခန့် ကြာမြင့်မည် ဖြစ်ပါသည် ။ ကျေးရွာသည် မြေနေရာပြန့်ပြူးသည့် အနေအထားတွင်ရှိပြီး စိုက်ပျိုးရေးကိုသာ အဓိကထား၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည် ။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ လက်မ (၈၀)မှ (၉၀)ဝန်းကျင်တွင် ရှိပါသည်။ တောင်ပေါ်ဒေသဖြစ်သည့်အလျောက် စိုက်ပျိုးမြေရရှိရန် တောင်ယာခုတ် ကြသည့်အတွက် တောင်ယာမြေ ပိုင်ဆိုင်ကြသည့်အပြင် လယ်မြေများလည်း ပိုင်ဆိုင်ကြပါသည် ။ ကျေးရွာ၏ တာင်ဘက်(၁)ဖာလုံခန့်အကွာတွင် တရုံချောင်းရှိသည်အပြင် အနောက်ဘက်(၁)ဖာလုံခန့် အကွာတွင်လည်းလောက်လိုင်ချောင်း

ရှိပါသည် ။ ကျေးရွာအတွင်း စမ်းချောင်းတစ်ခုလည်း ရှိပါသေးသည် ။ ထို့ကြောင့် ရာသီအလိုက် သုံးစွဲရန် ရေမခက်ခဲသော်လည်း သောက်သုံးရန်အတွက် သန့်ရှင်းသော သောက်သုံးရေ ခက်ခဲပါသည် ။

(ခ) သဘာဝအရင်းအမြစ်များ

သဘာဝသစ်တောထွက်ပစ္စည်းများရရှိနိုင်ပြီး သဘာဝသယံဇာတများ မထွက်ရှိပါ ။ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ ကျေးရွာအတွင်း အိမ်ထောင်စုများအနေဖြင့် တောင်ယာမြေပိုင်ဆိုင်ကြပါသည် ။ ကျေးရွာပတ်ဝန်းကျင်ရှိ ချောင်းများထဲမှ ငါးမျိုးစိတ်များအား အနည်းငယ် ဖမ်းယူစားသောက်နိုင်ပါသည် ။ ကျေးရွာတွင် ဂရိတ်ဖုသီးပင်များ အလွန်ပေါသော်လည်း ဒေသထုတ်ကုန်အနေဖြင့် မတည်ရှိပါ ။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

နောင်ကုလုကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၆၄)စုရှိပြီး ကျား(၁၈၁)ဦး၊ မ(၁၄၆)ဦး၊ စုစုပေါင်း (၃၂၇)ဦး ရှိပါသည်။ နာဂတိုင်းရင်းသားလူမျိုးများ နေထိုင်လျက်ရှိပါသည်။ ကျေးရွာတွင် မသန်စွမ်းသူ ကျား(၁) ဦး နှင့် မ(၂)ဦး ၊ စုစုပေါင်း(၃)ဦး ရှိပါသည်။ ကျေးရွာရှိ လူဦးရေ၏(၆၀%)ခန့်သည် လုပ်ငန်း များလုပ်ဆောင်နိုင်သော လူသားအရင်းအမြစ်ကောင်းများ ဖြစ်ပါသည် ။ အလုပ်လုပ်ကိုင်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေမှာ ထပ်တူကျပါသည် ။ ကျေးရွာတွင် ထိခိုက်လွယ်သော သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ဒေသ၏ ရိုးရာယာဉ်ကျေးမှု ဓလေ့ထုံးစံအရ ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေတွင် ရှိသဖြင့် စိတ်ပူပင်ရသည့် အနေအထားတွင် မရှိပါ ။

(ခ) စီးပွားရေး အခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းအဖြစ် တောင်သူလုပ်ငန်း၊ တောင်ယာစပါးစိုက်ပျိုးရေးလုပ်ငန်းများ၊ အမဲလိုက်ခြင်းလုပ်ငန်း၊ သဘာဝရင်းမြစ်များထုတ်လုပ်ခြင်းလုပ်ကိုင်ဆောင်ရွက်သူများပြားပြီး ဝင်ငွေအနည်းငယ် ရရှိပါသည်။ အဆင်ပြေသောအိမ် ထောင်စုနှင့် အလွန်အဆင်မပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စု များပြားစွာရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

နောင်ကုလုကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် လယ်ယာမြေဖော်ထုတ်နိုင်မှုမရှိခြင်း၊ ဒေသတွင် အလုပ်အကိုင် အခွင့်အလမ်းရှားပါးသည့်အတွက် ပုံမှန်ဝင်ငွေ မရှိသည့်အပြင် ရာသီအလိုက် အလုပ်သမား/ကျပန်းလုပ်ငန်း လုပ်ကိုင်၍လည်းကောင်း ရှာဖွေ လုပ်ကိုင်ရသဖြင့် မပြေလည်သော အိမ်ထောင်စုများ ရှိပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်

ထောင်စု ၏(၃၀%)အား လေ့လာဆန်းမှုအရ ၎င်းတို့သည် လုပ်အားခ ကြိုယူခြင်း၊ ချေးငှားခြင်းများဖြင့် နပ်မှန်အောင် စားသုံးနိုင်ရေး ဖြေရှင်းနေရကြောင်း တွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

နောင်ကုလုကျေးရွာတွင် နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်သူများဖြစ်ပြီး သက်ကြီး ရွယ်အိုများနှင့် ကလေးသူငယ်များပါ ဒေသအခြေအနေအရ ကြံ့ခိုင်သော အနေအထားတွင် တည်ရှိပါသည်။ မိုးများသောကာလများတွင် ၄က်ဖျားရောဂါအနည်းငယ်ဖြစ်တတ်သည့်အပြင် သောက်သုံးရေကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလေ့ရှိပါသည် ။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသော်လည်း အုပ်စုကျေးရွာဖြစ်သော နားလုံကျေးရွာသို့ အခြေခံဆေးကုသမှုများ ခံယူကြပါသည် ။ အသေးစား ခွဲစိတ်မှုများအား နန်းယွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည် ။

(c) ပညာရေးနှင့်ကျွမ်းကျင်မှုများ

နောင်ကုလုကျေးရွာတွင်အခြေခံပညာအလယ်တန်း(ခွဲ)ကျောင်း(၁)ကျောင်းသာရှိပြီး အထက်တန်း ရောက်ရှိပါက နန်းယွန်းမြို့တွင် သွားရောက်ပညာသင်ယူလျှက်ရှိပါသည်။ ကျောင်းဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာရှိပြီး ကျေးလက်ဦးစီးဌာနမှ ထောက်ပံ့ကူညီထားသော NEP ဆိုလာများ ရှိသည့်အတွက် အဆင်ပြေလှပါသည် ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများသာမက အမျိုးသမီးများပါ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင်း ကျားမဆိုင်ရာ ခွဲခြားဆက်ဆံမှုကိစ္စများမရှိသည့်အပြင် ကျေးရွာ၏ သာရေး၊နာရေး၊ဘာသာရေး၊လူမှုရေးစသည့် ကိစ္စများဆောင်ရွက်ရာတွင်လည်း အမျိုးသမီးများက ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ သို့သော်ကိုယ်ကာယ လက်ရုံးရည်ကို အသုံးပြု၍ အသက်မွေးဝမ်းကျောင်း ပြုလုပ်ရသည့် ဒေသဆိုင်ရာလုပ်ငန်းများတွင်မူ လုပ်အားခများမှာ တန်းတူရရှိခြင်း မရှိပါ ။ ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်ခြင်း မရှိပါ ။

၄။ ကဏ္ဍအသီးအသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

နောင်ကုလုကျေးရွာသည် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်များတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းသာမက သက်ဆိုင်ရာအဖွဲ့အစည်းများပါ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သား၊ ငါး ထုတ်ရေးကဏ္ဍ

နောင်ကုလုကျေးရွာတွင် တောင်ယာစပါးကိုသာအဓိကထားစိုက်ပျိုးကြပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ မရှိသည့်အပြင် သား၊ ငါး ထုတ်လုပ်မှုမှာလည်း နည်းပါးလျက်ရှိပါသည်။ ရွာပတ်ဝန်းကျင်ရှိ ချောင်းများမှ မိသားစု စားသောက်ရန်အတွက် ငါးအနည်းငယ်သာ ရရှိပါသည် ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

နောင်ကုလုကျေးရွာတွင် အခြားလုပ်ငန်းအဖြစ် ကုန်ခြောက်ဆိုင်များ၊ ကျပန်းလုပ်ငန်းနှင့် လက်သား/ပန်းရံလုပ်ငန်းများစသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြ သူ မရှိသည့်အပြင် ဒေသထွက်ကုန်များကိုရောင်းချရန် စျေးကွက်များလည်း မရှိပါ ။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

နောင်ကုလုကျေးရွာအနီးတွင် သဲ၊ ကျောက်စရစ်များလွယ်ကူစွာရရှိနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် စျေးကွက်မရှိပါ ။ မိရိုးဖလာ နေထိုင်မှုပုံစံစနစ်ကို ကျင့်သုံးနေထိုင်သူ များပြားသောကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုများအတွက် များစွာ အဟန့်အတား ဖြစ်စေပါသည် ။ ရွှေ့ပြောင်းတောင် ယာလုပ်ငန်းကို လုပ်ကိုင်သူများပြားသောကြောင့် စိမ့်စမ်းရေထွက်ရှိမှုမှာလည်း များစွာလျော့နည်းလျက်ရှိ ပါသည် ။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

နောင်ကုလုကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်း(၁)ကျောင်းသာရှိပြီး ကျောင်းဝန်းအတွင်းတွင် ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။ RCကျောင်းဆောင်(၇၀' x ၃၀' x ၆၀')နှင့် ကပ်ကျောင်းဆောင်(၁၂၀' x ၃၀' x ၁၂') ရှိပါသည် ။ ကျေးရွာတွင် ကျန်းမာရေးဌာနမရှိသည့် အတွက် ကျန်းမာရေးချို့ယွင်းလာပါက အုပ်စုကျေးရွာဖြစ်သော နားလုံကျေးရွာနှင့် နန်းယွန်းမြို့၊ ပြည်သူ့ဆေးရုံသို့သာ သွားရောက်ဆေးကုသမှုခံယူရပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ မသုံးစွဲသူ အနည်းငယ်ရှိနေပါသည် ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူရန် သီးသန့်နေရာမရှိသော်လည်း လူငယ်များမှာ ကျယ်ဝန်းသောနေရာများ၌ ဘောလုံးကစားခြင်း၊ ခြင်းလုံးကစားခြင်းစသည့်ကားကစားများ ကစားလေ့ရှိပါသည်။ ထို့အပြင် လူမှုရေး၊သာရေး၊နာရေးများတွင်လည်း လူငယ်များမှတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ရိုးရာဓလေ့ကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပါသည် ။

(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ် ရေး

နောင်ကုလုကျေးရွာသည် မြို့နှင့်တစ်သီးတစ်ခြားသွားလာရသည့် နေရာဒေသတွင် တည်ရှိပါသည် ။ ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မိုးများသော ကာလများတွင် ခြေလျင်ခရီးကိုသာ အားထားအသုံးပြုကြပါသည်။ ကျေးရွာအနီးတွင် ဆက်သွယ်ရေးတာဝါတိုင် မရှိသည့်အတွက် ဖုန်းလိုင်းမမိပါ ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီထောက်ပံ့သော တစ်အိမ်သုံးဆိုလာများကိုသာ အသုံးပြုကြရပါသည် ။ ကျေးရွာတွင်လည်း စာကြည့်တိုက် မရှိပါ ။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

နောင်ကုလုကျေးရွာသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျေးရွာရပ်မိရပ်ဖအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုများကြောင့် ကျေးရွာအတွင်း ကြီးမားသော ပြဿနာဖြစ်ပွားမှုများ မရှိပါ။ အချို့သော ရွာသားများမှ မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်ရှိပါသည် ။ ကျေးရွာတွင်း ပြဿနာများကို ရိုးရာအဖွဲ့အစည်းများမှ ကိုင်တွယ်ဖြေရှင်းလေ့ရှိပါသည် ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

နောင်ကုလုကျေးရွာသည် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လိုပါက ကျေးရွာလူထု၏လုပ်သားအင်အားရရှိခြင်း၊ သဘာဝကုန်ကြမ်းများ လက်လှမ်းမီခြင်း ၊ ကျေးရွာမှ တက်ကြွစွာ ပူးပေါင်းပါဝင်လိုစိတ်ရှိခြင်း စသော အခြေအနေကောင်းများ ရှိပါသည် ။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေခြင်းသည် ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးကိုများစွာ အကျိုးဖြစ်ထွန်းစေပါသည်။ ကျေးရွာတွင် ဂရိတ်ဖုသီးပင်များ လွန်စွာပေါများသော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် စျေးကွက်မရရှိသည့်အပြင် ဒေသတွင်း ထုတ်ကုန်အလုပ်အကိုင်အခွင့်အလမ်းကိုပါ ပိတ်ပင်စေပါသည် ။ကျေးရွာ၏ တည်နေရာ အနေအထားအရ စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းကိုပါ စနစ်တကျ လုပ်ဆောင်ပါက အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကျေးရွာဖြစ်ပါသည် ။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းကာ လာမည့်(၅)နှစ်တာကာလ အတွင်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးပန်းတိုင်များအား အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) ကျွန်ုပ်တို့၏ ကျေးရွာသည် ခေတ်မီသော စိုက်ပျိုးရေး နည်းဗျူဟာများ ၊ ဆေးဝါးများ၊ မျိုးကောင်း/သန့်များ ရရှိပြီး တောင်သူလယ်သမားတို့၏ ဇွဲ ၊ လုံ့လ ၊ ဝီရိယတို့ဖြင့် ထုတ်ကုန်(၂)ဆ တိုးမြှင့်လာနိုင်စေရမည် ။

(၂) ကျွန်ုပ်တို့ ကျေးရွာလူထု၏ စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးသူငယ်များ၏ လူငယ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ် ကျယ်ဝန်းလာစေရ မည် ။

(၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ပညာရေး ၊ ကျန်းမာရေး ၊ ဘာသာရေးနှင့် လူမှုရေးစသည့် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ လက်တွဲညီညီ ဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ ဖြစ်လာစေရမည် ။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များသို့ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင် ရွက်သွားမည် -

(၁) ကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း၊ ရေရရှိရေး၊ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများ ပိုမိုပြည့်စုံလာစေရေးအတွက် ကျေးရွာရန်ပုံငွေများ ပိုမိုရှာဖွေစုဆောင်းခြင်း၊ ရရှိလာသောရန်ပုံငွေများဖြင့် အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျွမ်းကျင်ပညာရှင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ အကြံပြုချက်များရယူကာ မိမိတို့ကျေးရွာလူထုအင်အား၊အတတ်ပညာအားများဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်။

(၂) ပညာရေးဝန်ကြီးဌာနသို့ ပညာရေးနှင့်ပတ်သက်သော အခြေခံ လိုအပ်ချက်များကို တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းရရှိရေး ကျန်းမာရေးဦးစီးဌာနသို့ အစီရင်ခံတင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။ လိုအပ်သည့်ငွေကြေး အင်အား၊ လူထုလုပ်အား၊ ပစ္စည်းအင်အားများကို ကျေးရွာမှ အတတ်နိုင်ဆုံး ပူးပေါင်း ကူညီဆောင်ရွက်သွားမည် ဖြစ်ပါသည် ။

၇။ဦးစားပေး စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ

(က) ဦးစားပေး စီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ရှင်းလင်းဖော်ပြချက်	မှတ်ချက်
ကျန်းမာသန့်ရှင်းရေး	စိမ့်စမ်းရေသွယ်တန်းခြင်း	၁၀၀	၁	ကျေးရွာအတွက် အလိုအပ်ဆုံးဖြစ်သော စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းအား ကျေးရွာကော်မတီမှဦးဆောင်၍ဆောင်ရွက်သွားပါမည် ။	
အခြေခံအဆောက်အအုံ	ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း	၉၀	၂	ကျေးရွာခန်းမဆောင် ဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာဖွံ့ဖြိုးရေးကော် မတီသည်ရန်ပုံငွေနှင့် လိုအပ်သည့်နည်းပညာ အထောက်အပံ့ရရှိနိုင်ရန်အကူအညီပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည် ။	
ပညာရေးကဏ္ဍ	မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း	၈၀	၃	မူကြိုကျောင်းဆောင် ဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာဖွံ့ဖြိုးရေးကော် မတီသည်ရန်ပုံငွေနှင့် လိုအပ်သည့်နည်းပညာ အထောက်အပံ့ရရှိနိုင်ရန်အကူအညီပေး နိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည် ။	
ကျန်းမာရေးကဏ္ဍ	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၇၀	၄	ကျေးလက်ဆေးပေးခန်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့် လိုအပ်သည့် နည်းပညာအထောက်အပံ့ရရှိနိုင်ရန် အကူအညီပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက် သွားပါမည် ။	

အခြေခံ အဆောက်အအုံ	ရွာတွင်းလမ်း တိုးချဲ့ခြင်း	၆၀	၅	ရွာတွင်းလမ်းတိုးချဲ့ ဖောက်လုပ်ရန်အတွက် ဆောင်ရွက်နိုင်ရန်အတွက် ကျေး ရွာဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့် လိုအပ်သည့် နည်းပညာ အထောက်အပံ့ ရရှိနိုင်ရန် အကူအညီပေးနိုင်မည့် သက်ဆိုင်ရာဌာန များနှင့် ပူးပေါင်းဆောင်ရွက် သွားပါမည် ။	

၇။ (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

စဉ်	စီမံချက် လုပ်ငန်းအမည်	ဦးစားပေး အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	စိမ့်စမ်းရေသွယ်တန်းခြင်း	၁	Â				
၂	ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း	၂		Â			
၃	မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း	၃			Â		
၄	ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း	၄				Â	
၅	ရွာတွင်းလမ်း တိုးချဲ့ဖောက်လုပ်ခြင်း	၅					Â

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုမှ ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည် ။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးရိန်နင်း	ဦးဂီးလား	၅/နယန(နိုင်) ၀၁၀၅၁၇	၄၃	ဥက္ကဋ္ဌ	-
၂	ဦးဝမ်းမုန့်	ဦးနုတ်လဲ့	၅/နယန(နိုင်) ၀၀၆၉၄၄	၄၄	အတွင်းရေးမှူး	-
၃	ဦးထွန်းအောင်	ဦးယုန်းနောင်	၅/နယန(နိုင်) ၀၀၅၅၉၂	၃၅	ဘဏ္ဍာရေးမှူး	-
၄	ဦးကင်တန်ခွမ်	ဦးရိသန်	၅/နယန(နိုင်) ၀၂၂၂၃၀	၂၁	စာရင်းကိုင်	-
၅	ဒေါ်ကမ်းရင်း	ဦးငွေးညီ	၅/နယန(နိုင်) ၀၁၀၄၃၂	၃၆	အဖွဲ့ဝင်(၁)	-
၆	ဒေါ်ထိုင်ညမ်း	ဦးနောင်ခွမ်း	၅/နယန(နိုင်) ၀၀၁၇၃၈	၃၃	အဖွဲ့ဝင်(၂)	-
၇	ဒေါ်ရော်စီး	ဦးဝှမ်နပ်	၅/နယန(နိုင်) ၀၀၂၀၁၅	၂၄	အဖွဲ့ဝင်(၃)	-

(ခ) ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	အစည်းအဝေးများပြုလုပ်ခြင်း၊ အခမ်းအနားများ၊ဟောပြောပွဲများပြုလုပ်ရန်အတွက်နေရာအခက်အခဲရှိခြင်း။	ကြီးမားကျယ်ဝန်းသောအ ဆောက်အဦးမရှိသဖြင့် ဘုရားကျောင်းနှင့် စာသင်ကျောင်းများသာအစည်းအ ဝေး၊ အခမ်းအ နားစသည့်တို့ကို ပြုလုပ်ရခြင်း	ခန်းမဆောင်ဆောက်လုပ်ရန်အတွက် ရွာသူ/သားများစိတ်အားထက်သန်မှုရှိခြင်း၊ သဲကျောက် အလွယ်တကူရရှိနိုင်ခြင်း၊ မြေနေရာလွတ်ရှိခြင်း။	နည်းပညာမရှိ ခြင်း၊ ရန်ပုံငွေ လုံလောက်စွာ မရှိခြင်း။	ကျေးရွာမှရရှိနိုင်မည့် ပစ္စည်းများအားကြိုတင် စုဆောင်းပြီး သက်ဆိုင်ရာဌာန အထောက်အပံ့ရရှိရန်တင်ပြတောင်းခံသွားမည်။	သက်ဆိုင်ရာဌာန၏အကူအညီရရှိသည်နှင့် ကျေးရွာတွင်ရှိလုပ်သားအင်အားပစ္စည်းအင်အားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။
၂	သောက်ရေ/သုံးရေလုံလောက်စွာမရရှိခြင်း။	ကျေးရွာအတွင်းရေတွင်း၊ အဝိစီတွင်းများမရှိခြင်း။	ရေကောင်းရေသန့်များရရှိရန်အတွက် ကျေးရွာသူ/သားများစိတ်အားထက်သန်မှုရှိခြင်း၊ စိမ့်စမ်းရေသွယ်ယူရန် ရေထွက်ပင်ရင်းများရှိခြင်း၊	ရန်ပုံငွေလုံလောက်မှုမရှိခြင်း၊ နည်းပညာကျွမ်းကျင်မှုမရှိခြင်း။	သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပြီးကျေးရွာမှ လုပ်သားအင်အားများဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။	ရေကောင်းရေသန့်များရရှိရန်အတွက်လုပ် ငန်းကော်မတီဖွဲ့စည်းခြင်း၊ နတလဌာန၊ ကျေးလက်ဦးစီးဌာန သို့အစီ ရင်ခံတင်ပြလမ်းညွှန်မှုရယူခြင်း၊လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
၃	စိုက်ပျိုးရေးအတွက် လယ်/ယာမြေဖော်ထုတ်ရန် အခက်အခဲရှိခြင်း။	လယ်/ယာမြေပိုင်ဆိုင်မှုမရှိခြင်း။	ကျေးရွာအနီးအနား တွင် လယ်/ယာမြေဖော်ထုတ်ရန်မြေလွတ်/မြေရိုင်းများ ရှိခြင်း၊ ကျေးရွာသူ/သားများစိတ်အားထက်သန်မှုရှိခြင်း၊လုပ်သား	လယ်/ယာမြေဖော်ထုတ်ရန် နည်းပညာနှင့် စက်ယန္တရားမရှိခြင်း၊ ရန်ပုံငွေလုံလောက်စွာ	သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပြီးကျေးရွာမှ လုပ်သားအင်အားများဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။	သက်ဆိုင်ရာဌာနများ၏အကူအညီရရှိသည်နှင့် ကျေးရွာတွင်ရှိလုပ်သား အင်အားပစ္စည်းအင်အားဖြင့် ပူး ပေါင်းပါဝင်ဆောင်ရွက်သွားမည်။

			အင်အားရရှိနိုင်ခြင်း	မရှိခြင်း။		

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၄	ကျေးလက်ဆေးပေးနှင့်အလှမ်းဝေးသဖြင့် အရေးပေါ်ကျန်းမာရေးအခြေအနေ များအား အချိန်မှီ မကုသနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများ အချိန်မှီတားဆီးနိုင်မှုမရှိခြင်း။	ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိ ခြင်း။	ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရန်အတွက် မြေနေရာရှိခြင်း၊ ကျေးရွာမှကူညီဆောင်ရွက်နိုင်မည့်လုပ်သားအင်အားရှိခြင်း။	အဆောက်အဦးကုန်ကျစရိတ်လုံလောက်စွာမရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းမရှိခြင်း။	ကျန်းမာရေးဝန်ထမ်းရှိရေး၊ ကျန်းမာရေးဌာနသို့ တင်ပြတောင်းခံသွားမည်၊ ဆေးပေးခန်းဖြစ်မြောက်ရေးကျေးရွာမှ ပူးပေါင်းဆောင်ရွက်သွားမည်။	ကျေးရွာဆေးပေးခန်းလုပ်ငန်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းခြင်း၊ ဆေးပေးခန်းတည် ဆောက်ရန်လိုအပ်သောပစ္စည်းစာရင်းပြုစုခြင်း၊ ရရှိနိုင်သောပစ္စည်း များကြိုတင်စုဆောင်ခြင်း၊ကျန်းမာရေးဝန်ထမ်းရရှိရန်တင်ပြတောင်းခံခြင်း၊
၅	ဖယောင်းတိုင်၊ ဒီဇယ်မီးခွက်များ သုံးစွဲနေရခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ကျောင်းသားသူငယ် များ ပညာသင်ကြားရာတွင် ခက်ခဲနေခြင်း။	လျှပ်စစ်မီးမရရှိခြင်းကြောင့် ဖြစ်ပါသည်၊	ဆိုလာမီးများအသုံးပြုနိုင်ခြင်း၊ ဒီဇယ်သုံးအင်ဂျင်၊ (ဒိုင်နမို) များဝယ်ယူရန် လက်လှမ်းမှီမှုရှိခြင်း။	မဟာဓါတ်အားလိုင်းနှင့် အလွန်ဝေးကွာခြင်း၊နည်းပညာအားနည်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊	သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်၍အတတ်ပညာရှင်များဖိတ်ခေါ်ဆွေးနွေးကာ ကျေးရွာရန်ပုံငွေ၊ ကျေး ရွာလုပ်အားများဖြင့် အ ကောင်အထည်ဖော်ဆောင်ရွက်သွားမည်။	မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ အတတ်ပညာရှင်များဖိတ်ခေါ်ဆွေးနွေးခြင်း၊ခန့် မှန်းကုန်ကျစရိတ်တွက်ချက်ခြင်း၊ ကျေးလက်ဌာနသို့ အစီရင်ခံတင် ပြခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
၆	ပညာရေးဝန်ထမ်းများအတွက် နေထိုင်ရန် အဆောက်အဦ	ပညာရေးဝန်ထမ်း	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်	အဆောက်အဦးကုန်ကျစရိတ်လုံ	ပညာရေးဦးစီးဌာနသို့ ရန်ပုံငွေရရှိနိုင်ရေး တင်ပြ	ကျေးရွာမိဘဆရာကော်မတီဖွဲ့စည်းထား ရှိပြီး ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန် ခန့်မှန်း

	အခက်အခဲရှိခြင်း။	အိမ်ရာ မရှိခြင်း။	ရန်မြေနေရာများရှိခြင်း၊ ကျေးရွာမှ လုပ်သား အင်အားရရှိနိုင်ခြင်း။	လောက်စွာမရှိ ခြင်း၊ နည်းပညာ မရှိခြင်း၊	တောင်းခံ၍ ကျေးရွာ လုပ် အားများဖြင့် အကောင် အထည်ဖော်ဆောင်ရွက် သွားမည်။	ကုန်ကျစရိတ်တွက် ချက်ခြင်း၊ ပညာရေးဌာနသို့ အစီရင်ခံ တင်ပြခြင်း၊ လုပ်ငန်းအကောင် အထည် ဖော်ဆောင်ရွက်ခြင်း၊

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၇	၂	၉	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၁	၁၀	၃၁	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၄	၂၁	၄၄	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၅	၁၇	၄၂	၁	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၉၉	၈၇	၁၈၆	-	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၁၀	၁၅	-	-
စုစုပေါင်း		**၁၈၁**	**၁၄၆**	**၃၂၇**	**၁**	**၂**
စုစုပေါင်း အိမ်ထောင်စု		**၆၄**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ(၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်(၁၀)နှစ်ပြည့်သည်မှအသက်(၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက်(၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၄)စု ရှိပြီး ၊ နို့စို့အရွယ်အလေးသူငယ်(၉)ဦး ၊ လမ်းမ လျှောက်နိုင်သော သက်ကြီးရွယ်အို (၃) ဦး ၊ မသန်စွမ်းသူ(၃)ဦး (ကျား = (၁)ဦး နှင့် မ = (၂)ဦး) ရှိသည့်အနက် အမျိုးသမီး ၊ အသက်(၇၀) ရှိသူအား ကျေးရွာရှိ ဘာသာရေးအဖွဲ့အစည်းနှင့် ရပ်မိ/ဖ အဖွဲ့အစည်းများမှ ကူညီစောင့် ရှောက်ထားသည့်အတွက် မစိုးရိမ်ရသည့် အနေအထားတွင်ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၁)စုလျှင် ပျမ်းမျှလူဦး ရေ(၅) ယောက်နှုန်း ရှိပါသည် ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်				အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်	ရပ်တည်နိုင်မှု (မှတ်ချက်ကို
		အိမ်	မိသားစု	အမျိုးသမီး	ဦးရေ		

		ထောင်စု	ဝင်လုပ်အား	ဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ	သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၆၂	၆၂	၁၂	၅၁	၁၁	ဈေးရောင်း	လတ်☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၁	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၆၃	၆၅	၁၃	-	၆၃		လတ်☐
	အလုပ်သမား / ဝန်ထမ်း							-
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်							-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							
	အလုပ်သမား / ဝန်ထမ်း							-
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	-	-	၂		လတ်□
	အလုပ်သမား / ဝန်ထမ်း							-
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							-
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							-
	အလုပ်သမား / ဝန်ထမ်း							-
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**"ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)"**ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မိရိုးဖလာ တောင်ယာလုပ်ငန်းကိုသာ လုပ်ကိုင်သူများပြားပါသည် ။ ဒေသတွင်း စီးပွားရေးလုပ်ငန်းများအဖြစ် သီးခြားလုပ်ကိုင်ခြင်းများ မရှိပါ ။ တစ်နိုင်တစ်ပိုင် ရောင်းဝယ်သော ဈေးအိမ်ဆိုင် (၂) ဆိုင်ရှိပါသည် ။ ကျေးရွာတွင် တိရစ္ဆာန်ရောဂါကျရောက်မှုအနေဖြင့် မွေးမြူထားသော ဝက်ခန္ဓာကိုယ်များတွင် အဖုထွက်၍ အရေပြားကွာကျသော ထူးဆန်းသည့် ရောဂါတစ်ခု ရှိပါသည် ။

(ခ-၂) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈) လေ့လာတွေ့ရှိချက်။ ။ ကျေး ရွာသည် မြို့နှင့် အလှမ်းကွာဝေးခြင်း ၊ အလုပ်အကိုင်ရှားပါးခြင်း ၊ ကုန်ထုတ်လုပ်ငန်းမရှိခြင်းစသော ဒေသအခြေအနေများကြောင့် ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိသည့်အပြင် ကျေးရွာလူထုအများဆုံးလုပ်ကိုင်သော စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ် တစ်ရက်လျှင်ကျပ် (၅၀၀၀) နှုန်းရှိပါသည် ။ လုပ်အားခအား ကျား ၊ မခွဲ၍ ပေးခြင်းမရှိပါ ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၇၀	သင့်□
ယာမြေ / တောင်ယာမြေ	၈၇	သင့်□
ဥယျာဉ်ခြံမြေ	-	-
ကိုင်း/ကျွန်းမြေ	-	-
ခနိတောမြေ	-	-
စားကျက်မြေ	-	-
မြေလွတ်မြေလပ်	၆၁	သင့်□
စုစုပေါင်း	၂၁၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီး**

သန့် လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးကြသည့် တောင်ယာမြေများနှင့် လယ်မြေများ၏ မြေဆီလွှာသည် သင့်တင့်သော အနေအထားတွင် ရှိပါသည် ။ လယ်(၁)ဧကတွင် စပါးတင်း(၅၀)ခန့်ထွက်ပြီး ၊ တောင်ယာ(၁)ဧကတွင် စပါးတင်း(၃၀)ခန့် ထွက်ပါသည် ။ကျေးရွာတွင် မြေလွတ်မြေလပ်ရှိသောကြောင့် မွေးမြူထားသော တိရစ္ဆာန်များ အတွက် အဆင်ပြေပါသည် ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)	မရှိ ☐	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
ကျောက်၊ သဲ၊ ကျောက် စရစ်စသည်များ	သင့်☐	လွယ် ☐	လျော့ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	သင့်☐	ခက်☐	လျော့ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်☐	☒	လျော့ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊မြစ်၊စိမ့်စမ်း)	သင့်☐	ခက်☐	လျော့ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်/နက်၊လက်တူးတွင်း)	-	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
သစ်တော အပူပိုင်းသစ်တော	-	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	-	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သော်လည်း အဖိုးတန်ကျောက်မျက်နှင့် ဓါတ်သတ္တုပစ္စည်းများ အထွက်ရှိပါ ။ တိရစ္ဆာန်မျိုးစိတ် အများစု ရှိပါသည် ။ ထို့အပြင် ဆေးဖက်ဝင်အပင်များဖြစ်သည့် အပင်များဖြစ်သော မြင်းခွာရွက် ၊ ဆင်တုံးမန္တယ်ပင် ၊ ဂျာမနီပင် ၊ ဂမုန်းပင် ၊ တပင်တိုင်ဥ ၊ သံမနိုင်ကျောက်မနိုင်ပင် ၊ ဂျင်း ၊ မိတ္တလင် ၊ နန္တင်း ၊ ဂရိတ်ဖုပင်များ အသင့်အတင့် ပေါများပါသည် ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၄ ဧက မှ ၅ ဧကထိ	၂ ဧက	၁ ဧက
အိမ်အခြေအနေ	သက်ကယ်မိုး၊ ကပ်ကာ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး၊ ကပ်ကာ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး၊ ကပ်ကာ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး၊ ကပ်ကာ၊ ဝါးကြမ်းခင်း
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ ကျပန်းလုပ်ငန်း	ကျပန်းလုပ်ငန်း
အဓိကစီးပွားရေး လုပ်ငန်း	ကွဲ၊ နွား၊ ဆိုင်ကယ်၊ ဖုန်း	ဆိုင်ကယ်၊ဖုန်း	-	-
အိမ်ထောင်စု	၁၁	၁၄	၁၉	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နာဂလူမျိုးများသာ နေထိုင်ကြပါသည် ။ နာဂတို့၏ ရိုးရာဓလေ့အရ ဆောက်လုပ်နေထိုင်ကြသော နေအိမ်များကိုကြည့်ချင်းအားဖြင့် နေအိမ်များ၏စီးပွားရေးအဆင့်အတန်းကို ခွဲခြား၍ မရနိုင်ပေ။ ကျေးရွာတွင် သွပ်မိုး ၊ ပျဉ်ခင်း ၊ ပျဉ်ကား ဆောက်လုပ်ထားသော နေအိမ်(၁)အိမ်သာ ရှိပါသည် ။ မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအားထား လုပ်ကိုင်ကြပါသည် ။ တနိုင်တပိုင် မိသားစု ဈေးဆိုင်(၂) ဆိုင် ရှိပါသည် ။ အခြားဝင်ငွေရလုပ်ငန်း မရှိပါ ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			**အခြားအစာပြောင်းလဲစား** = _____ **အစာလျှော့စား** = _____ **အထောက်အပံ့ယူ** = _____ **ချေးယူ** = _____ **လုပ်အားခကြိုယူ** = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			**အခြားအစာပြောင်းလဲစား** = _____ **အစာလျှော့စား** = _____ **အထောက်အပံ့ယူ** = _____ **ချေးယူ** = _____ **လုပ်အားခကြိုယူ** = _____
၆လမှ၁၂လအထိ	**၆၄**	**၁၃**	**အခြားအစာပြောင်းလဲစား** = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဝမ်းစာဖူလုံမှု			အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃၀ စု လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် နေထိုင်ကြသည့် မိသားစုများသည် ဝမ်းစာဖူလုံရေးပြဿနာကို နှစ်စဉ်ဖြေရှင်းနေကြရပါသည် ။ ကျေးရွာရှိ အိမ်ထောင်စု (၆၄)စုအနက် အိမ်ထောင်စု(၃၀)ခန့်သည် ဝမ်းစာမဖူလုံသည့်အတွက် ဆွေမျိုးသားချင်းများထံတွင် ချေးငှားယူ၍ မိသားစုဝမ်းရေးကို ဖြေရှင်းလေ့ရှိပါသည် ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၂		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ မိသားစု စောင့်ရှောက်မှုမရှိသော မသန်စွမ်းသူ ၊ အသက်(၇၀)ရှိသူအား ကျေးရွာရှိ ဘာသာရေးအဖွဲ့အစည်း ၊ ရပ်မိ/ဖ အဖွဲ့အစည်းများမှ ကူညီစောင့်ရှောက်ထားသောကြောင့် စိုးရိမ်ရသည့် အခြေအနေမျိုးတွင်မရှိပါ ။ ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများပြားသော အမျိုးသမီး(မုဆိုးမ)ဦးဆောင်သည့် အိမ်ထောင်စု (၁၀)စုရှိပြီး ၊ ဆင်းရဲ၍ မိသားစုဦးရေများပြားသော အမျိုးသား(မုဆိုးဖို) ဦးဆောင်သည့် အိမ်ထောင်စု(၂)စု ရှိပါသည် ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း	Â			Â		
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း		Â			Â	
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု			Â			Â
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		Â			Â	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	၄က်ဖျားရောဂါ		Â			Â	
၂၂	တီဘီရောဂါ	Â			Â		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		Â			Â	
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		Â			Â	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀ အိမ်ထောင်စု - လတ်အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ၊ မိသားစုစားဝတ်နေရေးလည်း ခက်ခဲပါသည် ။ တောင်ပေါ်ဒေသဖြစ်သည့်အပြင် မိရိုးဖလာ လူနေထိုင်မှုစနစ်များမှ ကျန်းမာရေးဆိုင်ရာ အသိပညာကိုပါ အဟန့်အတားဖြစ်စေပါသည် ။ ရေမြေတောတောင်သဘာဝ ထူထပ်ခြင်း ၊ကျန်း မာရေးအသိပညာ အားနည်းခြင်းများကြောင့် ကျေးရွာအတွင်း ဒေသနှင့်သက်ဆိုင်သည့် ၄က်ဖျားရောဂါ ၊ ဝမ်းပျက် ဝမ်းလျော့ ရောဂါများ နှစ်စဉ်ကျရောက်မှုရှိပါသည် ။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)	စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)

	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		Â			Â	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု		Â			Â	
၃	ဆင်းရဲသားတောင်သူ			Â	Â		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	Â			Â		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူများပြားပြီး ကျပန်းလုပ်ငန်းလုပ်ကိုင်သူ အလွန်နည်းပါသည် ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရိုးရာ	၃	၃	-	၃	ပညာရေး□ ငွေကြေး □ ဘာသာရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□	သင့်□
၂	ကျေးရွာရပ်မိ/ဖ	၂	၅	-	၅	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	သင့်□
၃	ဘာသာရေး	၃	၆	၄	၁၀	ဘာသာရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	သင့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘာသာရေး ၊ လူမှုရေး နှင့် အုပ်ချုပ်ရေးကိစ္စများဆောင်ရွက်ရန်အတွက် အဖွဲ့အစည်း(၃)ခု ဖွဲ့စည်းထားပါသည် ။ အဖွဲ့အစည်းများသည် ကျေးရွာအတွင်း အင်အားတတ်နိုင်သော ကဏ္ဍများတွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည် ။ ကျေးရွာ၏ စီမံအုပ်ချုပ်ရေးယန္တရားနှင့် သာရေး /နာရေး ကိစ္စများကိုပါ တာဝန်ယူ ဆောင်ရွက်မှုများ ရှိပါသည် ။

